ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ညောင်ဦးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



## တတိယနှစ်စီမံကိန်းစက်ဝန်း၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

ကောင်းညှိကျေးရွာ၊ ထီးပုအုပ်စု

၂၀၁၇ - ခုနှစ် ညောင်ဦးမြို့

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ညောင်ဦးမြို့နယ်လူထုဗဟိုပြု စီမံကိန်း



# ထီးပု ကျေးရွာ အုပ်စု


မ
မှန်တော
ကြို့ပင်သာ
ရွာလု
ကောင်းညို
ဖြူထွား
ဆင်လူးအိုင်
ဒဟတ်ကန်
ဂျမ်းလို
ထီးပု
ရည်ညွှန်းချက်
ကျေးရွာ အုပ်စု
ကျေးရွာ
ကားလမ်း
အုပ်စု နယ်နိမိတ်

# ထီးပု အုပ်စု တွင်ပါဝင်သော ကျေးရွာများ စာရင်း

၁။ ထီးပု

၂။ ကြို့ပင်သာ

၃။ ကောင်းညို

၄။ မှန်တော

၅။ ရွာလု

၆။ ဆင်လူးအိုင်

၇။ ဖြူထွား

၈။ ဂျမ်းလှီး

၉။ ဒဟတ်ကန်

## ကျေးရွာ သမိုင်းကြောင်း သုံးသပ်ချက်

ကောင်းညိုကျေးရွာ ထိးပု အုပ်စု ရက်စွဲ ၊ ၂.၃.၂၀၁၇

ကောင်းညိုကျေးရွာသည် ၁၃၇၇ ခုနှစ် တွင် ချောသင်းရေတိုက်စားမှုကြောင့် ရွာပျက်စီးသွား၍ ရွှေ့ပြောင်းခဲ့ရပြီး ကိုယ်ထူ ကိုယ်ထဖြင့် ရွာအသစ် တည်ဆောက် နေထိုင်ခဲ့ရသည်ဟု သိရှိခဲ့ရပါသည် ။ ၁၃၃၉ ခုနှစ်တွင် ညောင်အိုင်ဆယ်ကို ရွာလူထုများ ပူးပေါင်း၍ တည်ဆောက်ခဲ့ပါသည် ။ ၁၃၄၇ ခုနှစ်တွင် မီးဘေး အန္တရာယ်ကျရောက်ခဲ့ပြီး ( ၄၅ ) အိမ် ပျက်စီး ဆုံးရှုံး ခဲ့သည်ဟု သိရှိခဲ့ရပါသည် ။ ကျေးရွာလူထု ပူးပေါင်းပြီး ပြန်လည် ထူထောင်ခဲ့ပါသည် ။ ၁၃၅၂ ခုနှစ် အစိုးရ မူလတန်းကျောင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျေးရွာလူထု စုပေါင်းပြီးတည်ဆောက်၍ ကလေးများရွာတွင် ပညာသင်ကြားနိုင်ခဲ့သည်ကို သိရှိရပါသည်။ ၁၃၆၉ ခုနှစ်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းကို ဦးခင်ဇော် + ဒေါ်စံပယ်ဂင်း လှူဒါန်းမှုဖြင့် ကျေးရွာ လူထု များ ပူပေါင်းပြီး တည်ဆောက်ခဲ့သည်ဟု သိရှိခဲ့ပါသည် ။ ၁၃၇၁ ခုနှစ်တွင် ကျေးရွာသားများ နှင့် အများ ကောင်းမှုဖြင့် ရွာဦးစေတီ တည်ထား ကိုးကွယ်ခဲ့သည်ကို သိရှိခဲ့ရပါသည် ။ ၁၃၇၆ ခုနှစ်တွင် သဘာဝ ဘေးအန္တရာယ် လေမုန်းတိုင်း တိုက်ခတ်မှုကြောင့် အိမ် အမိုးအကာများ ပျက်စီး ဆုံးရှုံးခဲ့ရပါသည် ။ ကျေးရွာလူထု ပူးပေါင်း၍ ပြန်လည် ထူထောင် ခဲ့သည်ကိုလည်း သိရှိခဲ့ရပါသည် ။ ကောင်ညိုကျေးရွာ၏ သမိုင်းကြောင်း ဖြေရှင်းပုံများကို ကြည့်လိုက်ခြင်းအားဖြင့် ကျေးရွာလူထုများ ပူးပေါင်း ပါဝင် လုပ်ဆောင် ခဲ့ကြသည်ကို တွေ့ရှိရသောကြောင့် ကျေးရွာသည် လွန်ခဲ့သော နှစ်များစွာ ကတည်းက ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် စုပေါင်း တက်ကြွစွာ လုပ် ဆောင်ခဲ့ကြသည်ဟု သုံးသပ်မိပါသည် ။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို ကျေးရွာလူထုများ စုပေါင်း၍ ကိုယ်ထူ ကိုယ်ထလုပ်ဆောင်ခဲ့ကြသည်ဟုသုံးသပ်မိပါသည်။

# လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social map, Resource map) | 29.9.2017 | ကျေးရွာသူ၊ ကျေးရွာသား၊ ကော်မတီဝင်များ | ၃၅ | ၇၉ | ၁၁၄ | ကျေးရွာနယ်နိမိတ်အကျယ်အဝန်း အိမ်ခြေ၊ လယ်မြေ၊ စိုက်ခင်း ဘုရားပုထိုးများစသော ကျေးရွာ၏လက်ရှိအခြေအနေနှင့် ပိုင်ဆိုင်မှုပြအခြေအနေများကို ရေးဆွဲဖော်ထုတ်ပါသည်။ |
| ၂။ | ရာသီဥတုပြပြက္ခဒိန် (Seasonal calendar) | 29.9.2017 | ကျေးရွာသူ၊ ကျေးရွာသား၊ ကော်မတီဝင်များ | ၃၀ | ၂၅ | ၅၅ | ရာသီဥတုနှင့်စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်း၊ ငွေကြေးရှာလုပ်ငန်းများ၊ ဝမ်းစာရှားပါးမှုများနှင့် ပွဲတော်များ |
| ၃။ | ကျေးရွာ၏ ဦးစားပေးအစီအစဉ်ပြဇယား (Metric Ranking) | 2.10.2017 | အမျိုးသားအုပ်စု အမျိုးသမီးအုပ်စု | ၄၂ | ၈၃ | ၁၂၅ | ကျေးရွာသူ၊ ကျေးရွာသားများမှ ကျေးရွာအတွက် အဓိကလိုအပ်သော စီမံကိန်းလုပ်ငန်းခွဲများကို ညှိနှိုင်းတိုင်ပင်ရေးဆွဲခဲ့ကြသည်။ |
| ၄။ | ပြဿနာသစ်ပင် (Problem Tree) | 2.10.2017 | ကျေးရွာသူ၊ ကျေးရွာသားများ၊ ကော်မတီဝင်များ | ၄၂ | ၈၃ | ၁၂၅ | ကျေးရွာသူ၊ ကျေးရွာသားအများစု ရွေးချယ်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများ၏ ဇစ်မြစ်၊ အကြောင်းဆက်စပ်မှုများကို ပြဿနာသစ်ပင်ရေးဆွဲ၍ ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ |

# လူထုပေါင်းစုံပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်


## (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက် |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅။ | အဖွဲ့အစည်းအချိတ်အဆက်ပြပုံစံ (Venn Diagram) | 29.9.2017 | ကျေးရွာသူ၊ ကျေးရွာသားများ၊ ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ | ၃၃ | ၂၅ | ၅၈ | ကျေးရွာအတွင်းတွင်ရှိနေသော လူမှုအဖွဲ့အစည်းများနှင့် ကျေးရွာလူထုအကြား ချိတ်ဆက်နေမှုကို ထင်သာမြင်သာရှိအောင် ဖော်ဆောင်နိုင်ခဲ့သည်။ |
| ၆။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | 29.9.2017 | ချမ်းသာ၊ သင့်တင့်၊ မွဲလည်၊ နွမ်းပါး၊ ထိခိုက်လွယ်အုပ်စုများ | ၃၅ | ၇၉ | ၁၁၄ | ကျေးရွာအတွင်းရှိ ပြည်သူများအကြား ငွေကြေး၊ ပစ္စည်း၊ ဥစ္စာဓနအစရှိသည်တို့ ပိုင်ဆိုင်မှု အဆင့်ခွဲခြားမှု သတ်မှတ်ခြင်းဖြင့် ကျေးရွာအတွက်လိုအပ်သည့် ဝင်ငွေရရှိရေးစီမံချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် ဆွေးနွေးခဲ့ကြသည်။ |
| ၇။ | ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်ပုံစံ (Spider Web) | 29.9.2017 | ကျေးရွာသူ၊ ကျေးရွာသားများ၊ အမျိုးသားအုပ်စု၊ အမျိုးသမီးအုပ်စုများ | ၃၀ | ၂၈ | ၅၈ | အမျိုးသားနှင့်အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်း၊ တန်းတူအခွင့်အရေး၊ ပညာသင်ကြားနိုင်မှု၊ ဘဝလုံခြုံမှု စသည့်အခြေအနေ အရပ်ရပ်ကို ဆွေးနွေးခဲ့ကြသည်။ |

အရင်းအမြစ်သုံးစွဲမှုနှင့် အရင်းအမြစ်ထိန်းချုပ်မှု ပုံစံဇယား

ကျေးရွာ - ကောင်းညိုကျေးရွာ၊ ထီးပုံအုပ်စု

ရက်စွဲ - 29.9.2017






# ကျား/မ ပိုင်ဆိုင်မှု သုံးသပ်ဆန်းစစ်ခြင်း

ကျေးရွာ - ကောင်းညိုကျေးရွာ၊ ထီးပုနှုပ်ရ


- ကျွဲ၊ နွား၊ လှည်း၊ လယ်ထွန်စက် တို့ကို အမျိုးသားများ သုံးစွဲကြသည်။
- အပ်ချုပ်စက်ကို အမျိုးသမီးများ အသုံးပြုကြသည်။
- ဆိုင်ကယ်၊ မြေသားရေကန်၊ ယာမြေ၊ လမ်း၊ သစ်တော တို့ကို အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- ထိန်းချုပ်ဆုံးဖြတ်မှုတွင် အမျိုးသားများသာ အများဆုံး ချုပ်ကိုင်လွှမ်းမိုးထားသည်။

အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်ဆုံးဖြတ်မှုတို့တွင် အမျိုးသားများက ထိန်းချုပ်သုံးစွဲကြသော်လည်း ပိုင်ဆိုင်မှုကို သုံးသပ်ဆန်းစစ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် အရင်းအမြစ်များ၊ ပစ္စည်းများကို အမျိုးသား၊ အမျိုးသမီး တန်းတူပိုင်ဆိုင်ကြသည်ကို သိရှိနားလည်နိုင်သည်။

## ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်

ကျေးရွာ- ကောင်းညီကျေးရွာ

ရက်စွဲ- ၂၄.၇.၂၀၁၇



## ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်သုံးသပ်ချက်

ကျေးရွာ - ကောင်းညိုကျေးရွာ

ကောင်းညိုကျေးရွာ၏ ကျား/မ အခန်းကဏ္ဍပြ ပင့်ကူအိမ်ပုံစံကို သုံးသပ်ကြည့်ရာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အများဆုံး ပေါ်ဆောင်နေကြရပြီး အခြားကိစ္စရပ်များတွင် အမျိုးသားထက် နိမ့်ကျနေသည်ကို တွေ့ရှိရသည်။ ပိုင်ဆိုင်မှုထိန်းချုပ်ရာတွင်လည်းကောင်း၊ ပူးပေါင်းပါဝင်မှုတွင်လည်းကောင်း၊ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူ အခြေအနေတစ်ခုတွင် ရပ်တည်နေသည်ကို တွေ့ရှိရသည်။

ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားများက သာ၍ထိပ်ဆုံးမှ ရပ်တည်နေပြီး အမျိုးသမီးများနှင့် ကွာဟချက် ရှိနေပြန်သည်ကို တွေ့ရှိရသည်။

အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုတို့တွင်လည်း အမျိုးသားများမှာ ထိပ်ဆုံးတွင် ရှိမနေသော်လည်း အမျိုးသမီးများထက် သာလွန်နေပြန်သည်ကို တွေ့ရှိရပြန်သည်။

အချုပ်အားဖြင့်ဆိုရသော် အမျိုးသမီးများသည် အိမ်မှုကိစ္စမှလွဲ၍ အခြားသောကိစ္စရပ်တိုင်းတွင် အမျိုးသားများထက် အနည်းနှင့်အများဆိုသလို နိမ့်ကျနေသည်ကို တွေ့ရှိရသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုနည်းခြင်း၊ ရှေးရိုးအစဉ်အလာများကို လက်ခံထားခြင်း၊ အမျိုးသားများမှ အရာရာတွင် လွှမ်းမိုးထားခြင်း စသည့်အချက်တို့ကြောင့် ဖြစ်နိုင်သည်ဟု သုံးသပ်မိသည်။

ထီးပုအုပ်စု - ကောင်းညိုကျေးရွာ

# ရာသီဥတုပြက္ခဒိန်

ရက်စွဲ - ၂၅.၅.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲတော် | သင်္ကြန် | | | | | | မီးထွန်းပွဲ | | | | | |
| မိုးရွာသွန်းချိန် | | | | | | | | | | | | |
| စိုက်ပျိုးချိန် (မြေပဲ၊ ပဲစိမ်းငုံ) | | မြေပဲပင် | | | | | | | | | | |
| ရိတ်သိမ်းချိန် | | | | | | | | | | | | |
| ယာရှင်းချိန် | ပေါက်ပြား | | | | | | | | | | | |
| ကျန်းမာရေး | | | | | | | | | | | | |
| လမ်းပန်းဆက်သွယ်ရေး | | | | | | | | | | | | |
| ထန်းတက်ချိန် | | | | | | | | | | | | |

# ရာသီဥတုမြေပြပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ - ကောင်းသိုက်ကျေးရွာ၊ ထီးမုဒုပ်ပါ

ကောင်းသိုက်ကျေးရွာ၏ ရာသီဥတုမြေပြပြက္ခဒိန်ကို သုံးသပ်ကြည့်ရာတွင် -

၁။ ပွဲတော်ကျင်းပသည့်လများအနေဖြင့် တန်ခူးလတွင် သင်္ကြန်ပွဲကိုလည်းကောင်း၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲကိုလည်းကောင်း၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲကိုလည်း၊ ဝါဆိုလနှင့်ဝါခေါင်လများတွင် ကျေးရွာဘုရားပွဲကိုလည်းကောင်း အသီးသီးကျင်းပသ

၂။ ရာသီဥတုနှင့်ပတ်သက်၍ မိုးရွာသွန်းမှုအခြေအနေမှာ နယုန်လတွင် စတင်ရွာသွန်းပြီး ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မြိုင်မြိုင်ရွာသွန်းသည်ကိုတွေ့ရှိရသည်၊ သီတင်းကျွတ်နှင့်တန်ဆောင်မုန်းလများတွင်နည်းငယ်သာရွာသွန်းတော့သည်။

၃။ စိုက်ပျိုးရေးတွင် မြေပဲနှင့် ပဲစိမ်းငုံကို အဓိကစိုက်ပျိုးကြပြီး ကဆုန်လမှစတင်၍ တော်သလင်းလအထိဖြစ်သည်ကိုတွေ့ရှိရသည်။

၄။ စိုက်ပျိုးသီးနှံများကို တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် မြိုင်မြိုင် ရိတ်သိမ်းကြရသည်။

၅။ ရိတ်သိမ်းပြီးနောက် ယာမြေပြုပြင်ခြင်း လမ်းခြင်း လုပ်ငန်းကို တန်ခူး၊ ကဆုန်၊ နယုန်လများတွင် မိုးအမီလုပ်ဆောင်ကြသည်ကိုတွေ့ရှိရသည်။

၆။ ကျန်းမာရေးနှင့်ပတ်သက်၍ နယုန်လတွင် ဖျားနာခြင်းကို နည်းငယ်ခံစားနိုင်ရပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တော်သလင်း၊ နတ်တော်၊ ပြာသိုလများတွင် ကျန်းမာရေးကို အထူးဂရုစိုက်ရန်လိုအပ်သည်။


၇။ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင်လမ်းများ ပျက်စီးနိုင်ပြီး ပြုပြင်ထိန်းသိမ်းရန်လိုအပ်ပါသည်။

၈။ စိုက်ပျိုးရေးအပြင် စားဝတ်နေရေးအတွက် ထန်းတက်ခြင်းလုပ်ငန်းကိုလည်း တပို့တွဲလမှစတင်၍ ဝါခေါင်လအထိ လုပ်ကိုင်ဆောင်ရွက်ကြရသည်ကိုတွေ့ရှိရသည်။

# အဖွဲ့အစည်း အချိတ်အဆက်ပြ ကားချပ်

ကျေးရွာ - ကောင်းညီကျေးရွာ

ရက်စွဲ - 29.9.2017




ပါဝင်ဆွေးနွေးသူ - ကျေးရွာလူထု


# အဖွဲ့အစည်း အချိတ်အဆက်ပြဇယား ချုပ် သုံးသပ်ချက်

## ကျေးရွာ - ကောင်းသို့ကျေးရွာ၊ ထီးပုအုပ်စု

ကောင်းသို့ကျေးရွာ၏ အဖွဲ့အစည်း အချိတ်အဆက်ပြဇယားချုပ်ကို သုံးသပ်ကြည့်ရာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ၏ အဓိကကျသော အဖွဲ့ဖြစ်သည်ကို တွေ့ရှိရပြီး အခြားအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်လျက်ရှိသည်။ ရွာဘီဇမျိုးအဖွဲ့နှင့် [illegible] အဖွဲ့သည်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် အရေးပါသော အဖွဲ့များဖြစ်ပေလိမ့်မည်ဟု သုံးသပ်ပါသည်။ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့နှင့် ရေတွင်း၊ ကော်မတီအဖွဲ့များသည်လည်း အချိုးညီညီ တာဝန်ယူ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ ကျေးရွာတွင် ဒေါ်ပက အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ပရဟိတအဖွဲ့များသည်လည်း မိမိတို့၏ အခန်းကဏ္ဍအလိုက် ပျော်ရွှင်စွာ ဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့နောက် ချမ်းမြေ့စေတနာအဖွဲ့၊ စိမ်းစိုအဖွဲ့နှင့် မြေဆီလွှာထိန်းသိမ်းရေးအဖွဲ့များလည်း ရှိနေပေသည်။ - Plan အဖွဲ့ ထပ်တိုးလာသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့် ဆိုရသော် ကောင်းသို့ကျေးရွာတွင် အဖွဲ့အစည်းပေါင်းများစွာ ရှိကြပြီ အဖွဲ့အစည်း အကြီး၊ အသေး ပေါ်မူတည်၍ ဩဇာသက်ရောက်မှုသည်လည်း ကွာခြားနိုင်သည်။ ထို့အပြင် ၎င်းအဖွဲ့အစည်းများသည် အဖွဲ့အစည်း အချင်းချင်း သော်လည်းကောင်း အုပ်ချုပ်ရေး၊ ရွာဘီဇမျိုးအဖွဲ့များနှင့် သော်လည်းကောင်း အနည်းနှင့်အများ ဆိုသလို ချိတ်ဆက်ဆောင်ရွက်နေသည်ဟု သုံးသပ်ပါသည်။

ကောင်းညိုကျေးရွာ



# လူမှုရေး/အရင်းအမြစ်ပြ မြေပုံ သုံးသပ်ချက်

ကောင်းညိုကျေးရွာ ထီးပု အုပ်စု ရက်စွဲ ၊ ၂.၁.၂၀၁၇

ကောင်းညိုကျေးရွာ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို သုံးသပ်ခြင်းအားဖြင့် ကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၁၈၉ ) ရှိကြောင်း သိရပါသည် ။ ကျေးရွာ၏ အရှေ့ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ ၊ စေတီ ၊ ရေကန် ၊ ဘုန်းကြီးကျောင်း နှင့် စာသင်ကျောင်းများ ရှိသည်ကို တွေ့ရှိရပါသည် ။ တောင်ဘက်ပိုင်းတွင် ယာခင်း ၊ ထန်းတောများ နှင့် သဲချောင်း ရှိသည်ကို တွေ့ရှိရပါသည် ။ အနောက်ဘက်ပိုင်းတွင် ယာခင်း ၊ သင်္ချိုင်း နှင့် ရေကန် တည်ရှိသည်ကို တွေ့ရှိရပါသည် ။ မြောက်ဘက်ပိုင်းတွင် ထန်းတောများ ၊ ယာခင်း ၊ ရေကန် နှင့် စက်ရေတွင်း တည်ရှိပါသည် ။ သဘာဝအရင်းအမြစ်များ အနေဖြင့် ယာခင်းများ ၊ ထန်းပင် နှင့် မကျည်းပင်များ တွေ့ရှိရသောကြောင့် စီးပွားရေးတွင် လယ်ယာစိုက်ပျိုးခြင်း ထန်းတက်သော အလုပ် မကျည်းရွက် ၊ သီးများကို လုပ်ကိုင် စားသောက် နိုင်ကြောင်းကို သုံးသပ်မိပါသည် ။ ရွာ၏တောင်ဘက်ပိုင်းတွင် သဲချောင်းရှိသည်ကို တွေ့ရှိရပါသည် ။ ထိုသဲချောင်းမှ သဲများကို ရွာသားများ အသုံးချနိုင်ကြောင်း သုံးသပ်မိပါသည် ။ ကျေးရွာ၏ လူမှုရေး / အရင်းအမြစ်ပြ မြေပုံကို ဆွဲခြင်းအားဖြင့် ကျေးရွာသူ / သားများသည် ကျေးရွာ၏ လိုအပ်ချက်များ ၊ လက်ရှိ အခြေအနေ နှင့် ကျေးရွာတွင် ရှိနေပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို သိရှိလာကြပါသည်။ အချုပ်အားဖြင့်ဆိုရသော် ကျေးရွာတွင်မီးမရရှိခြင်း ၊ သောက်သုံးရေ ခက်ခဲခြင်း ၊ အလုပ်အကိုင် ရှားပါးနေခြင်း နှင့် ငွေ နည်းပါးနေခြင်းများ စသည်တို့ လိုအပ်နေသည်ဟု သုံးသပ်မိပါသည် ။

# ဓနဥစ္စာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ပုံဇယား

ကျေးရွာ - ကောင်းသီကျေးရွာ၊ ထီးပုအုပ်စု ရက်စွဲ-၂၉.၉.2017

| စဉ် | အုပ်စု | ခွဲခြားသတ်မှတ်ပုံ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | အပြေလည်ဆုံးအုပ်စု | သွပ်မိုးတိုက်အိမ်၊ ထော်လာဂျီ၊ ကား၊ ယာမြေ၊ မိသားစုဝင်ငွေကောင်း နွားမြင်း၊ စက်တပ်ယာဉ်၊ ဖုန်း၊ T.V | ၂၀ | ၁၀.၆၃ |
| ၂။ | အသင့်အတင့်ပြေလည်သော အုပ်စု | သွပ်မိုးကုတ်တက်အိမ်၊ နွားမြင်း၊ ဖုန်း၊ T.V.၊ ဆိုင်ကယ်၊ မိသားစုဝင်ငွေကောင်း | ၁၀၀ | ၅၃.၂၀ |
| ၃။ | မပြေလည်သောအုပ်စု | သွပ်မိုးထရံကာအိမ်၊ ဆိုင်ကယ်၊ T.V၊ ဖုန်း၊ မိသားစုဝင်ငွေနည်း လက်လုပ်လက်စား | ၃၃ | ၁၇.၅၅ |
| ၄။ | နွမ်းပါးသောအုပ်စု | ထန်းရွက်မိုးထန်းရွက်ကာအိမ်၊ ဆိုင်ကယ်၊ ဖုန်း၊ လက်လုပ်လက်စား၊ မိသားစုဝင်ငွေနည်း | ၃၀ | ၁၅.၉၆ |
| ၅။ | ထိခိုက်လွယ်အုပ်စု | ထန်းရွက်မိုးထန်းရွက်ကာအိမ်၊ ဒီကျိုးလူမဲ့၊ | ၅ | ၂.၆၆ |
| | စုစုပေါင်း | | ၁၈၈ | ၁၀၀% |

## ဓနဥစ္စာပိုင်ဆိုင်မှု ခွဲခြားသတ်မှတ်ပုံဇယား သုံးသပ်ချက်

ကျေးရွာ - ကောင်းဆိုကျေးရွာ၊ ထီးပုအုပ်စု

ကောင်းဆိုကျေးရွာတွင် အိမ်ထောင်စုအားဖြင့် (၁၈၈) စုခန့်ရှိပြီး အုပ်စုများဖြင့် (၅)စု ခွဲခြားသတ်မှတ်ကြည့်ကြရာတွင် အပြေလည်ဆုံးအုပ်စုတွင် (၂၀)ခန့်ရှိပြီး ယာမြေ၊ တိုက်အိမ်၊ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်၊ နွားရှဉ်း၊ ဖုန်း၊ တီဗွီ တို့ကို ပိုင်ဆိုင်ကြသည်ကိုတွေ့ရှိရသည်။ ထို့အပြင် မိသားစုဝင်ငွေလည်း ကောင်းမွန်သည်ကိုလည်း တွေ့ရှိရပြန်သည်။

အသင့်အတင့်ပြေလည်သောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၁၀၀) ခန့်ရှိပြီး သွပ်မိုးပျဉ်ကာအိမ်၊ ဆိုင်ကယ်၊ ယာမြေ၊ နွားရှဉ်း၊ ဖုန်း၊ တီဗွီ တို့ကို ပိုင်ဆိုင်ကြသည်။ ထို့အပြင် ဝင်ငွေအားဖြင့် အသင့်အတင့်သာရှိသည်ကို တွေ့ရှိရသည်။

မပြေလည်သောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၃၃) စုခန့်ရှိပြီး သွပ်မိုး ထရံကာအိမ်၊ ဆိုင်ကယ်၊ တီဗွီ၊ ဖုန်းတို့ကို ပိုင်ဆိုင်ကြသည်ကို တွေ့ရှိရသည်။ ယာမြေ၊ စက်တပ်ယာဉ်တို့ကို မပိုင်ဆိုင်ပဲ လက်လုပ်လက်စားများဖြစ်ကြသည်။ မိသားစုဝင်ငွေ အင်မတန်နည်းကြသည်။


နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၃၀) ခန့်ရှိပြီး လက်လုပ်လက်စားများဖြစ်သည်ကို တွေ့ရှိရသည်။ ထန်း၊ ရွက်မိုး ထရံကာအိမ်နှင့် နေထိုင်ကြပြီး မိသားစုဝင်ငွေလည်း အလွန်နည်းပါးသည်ကို တွေ့ရှိရပြန်သည်။

ထိခိုက်လွယ်သောအုပ်စုတွင် အိမ်ထောင်စုအားဖြင့် (၅) စုခန့်ရှိပြီး ထန်း၊ ရွက်မိုး ထန်းရွက်ကာအိမ်များနှင့် နေထိုင်ကြရသည်။ ထို့နောက် ၎င်းတို့တွင် ကျောထောက်နောက်ခံမရှိပေ။

အချုပ်အားဖြင့်ဆိုရသော် ကောင်းဆိုကျေးရွာတွင် အပြေလည်ဆုံးအုပ်စုမှာ ရာခိုင်နှုန်းအားဖြင့် (၁၀%) ခန့်သာရှိပြီး အသင့်အတင့်ပြေလည်သောအုပ်စုမှာ (၅၂%) ခန့်ရှိသည်။ အတွက် စားဝတ်နေရေးနှင့်ပတ်သက်ပြီး အကောင်းဆုံးအခြေအနေမဟုတ်သော်လည်း အဆိုးဆုံးအခြေအနေမဟုတ်ဟု ဆိုနိုင်ပါ။ ထို့ကြောင့် အကောင်းဆုံးအခြေအနေ တစ်ခုရောက်ရှိအောင် ဆက်လက်ကြိုးစားလုပ်ဆောင်သွားသင့်သည်ဟု သုံးသပ်မိသည်။

ပြဿနာသစ်ပင်

ကောင်းသိကျေးရွာ - ထီးပုဒ်          ရက်စွဲ - 2.10.2017



# ပြဿနာသစ်ပင်သုံးသပ်ချက်

ကျေးရွာ - ကောင်းညိုကျေးရွာ၊ ထီးပုရာပိုင်

ပြဿနာအခက်အခဲ - လမ်းပန်းဆက်သွယ်ရေး အခက်အခဲ

ကောင်းညိုကျေးရွာ၏ အဓိက အခက်အခဲပြဿနာမှာ လမ်းပန်းဆက်သွယ်မှု မကောင်းခြင်း အခက်အခဲဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကို ဖြစ်ပေါ်စေသော အကြောင်းတရားများမှာ မြောင်းများမရှိ ရေထိုက်စားခြင်း၊ လမ်းများ အဆင့်မြှင့်တင်ရန် ရန်ပုံငွေ အားနည်းခြင်း၊ လမ်းများ၏ ရေမြောင်းများ မပါဝင်ခြင်း၊ သဲများ ချထပ်ခြင်း၊ မြောင်းလမ်း အဆင့်သာရှိနေခြင်း၊ မြေပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊ ကတ္တရာလမ်းဖြင့် အနည်းငယ်လေး ကျော့ခြင်း စသည်တို့ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ကုန်ပစ္စည်းများ သယ်ယူရန် ခက်ခဲခြင်း၊ ပညာရေး၊ ကျန်းမာရေး နောက်ကျခြင်း၊ အချိန်၊ ငွေကုန်များခြင်း၊ စီးပွားရေး ဖွံ့ဖြိုးမှု နောက်ကျခြင်း၊ ကျေးရွာချင်း ဆက်သွယ်ရေး ခက်ခဲခြင်း၊ ထိခိုက်မှုများ ဖြစ်နိုင်ခြင်း စသည့် အကျိုးဆက်တို့ကို ဖြစ်ပေါ်စေနိုင်သည်။

ထို့ကြောင့် ပြဿနာ အခက်အခဲကို ဖြစ်ပေါ်စေသော အကြောင်းတရားများကို လျှော့ချနိုင်မှသာ ပြဿနာ၏ အကျိုးဆက်များကို ထိန်းချုပ်နိုင်မည် ဖြစ်သည်။ ထိုသို့ လျှော့ချနိုင်ရန် မြောင်းများ မရှိ ရေထိုက်စားခြင်းမှ ကင်းဝေးအောင် မြေပြင်ထိန်းသိမ်းအောင်ကြိုးစားခြင်း၊ လမ်းများဘေး လုပ်ကျင်း ရေမြောင်းများ တည်ခြင်း၊ မြောင်းလမ်းများကို အဆင့်မြှင့်တင်ခြင်း စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်ကြရပါမည်။ သို့မှသာ မိမိတို့ကျေးရွာ၏ အခက်အခဲများကို အလိုက်အလျောက် လျော့ကျစေနိုင်မည်ဖြစ်သည်။

# ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး/တာဝန် | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁ | ဦးတင်အေး | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | ကောင်းညို | 09-781175969 |
| ၂ | ဒေါ်ငြေငြေလှိုင် | ကျေးရွာ စီ/ထောက် ဥက္ကဋ္ဌ | 〃 | 09-774792515 |
| ၃ | ဦးစိုးသန်း | ဝယ်ယူရေးဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | 09-257127553 |
| ၄ | ဦးထွန်းမြင့် | မှတ်တမ်းထိန်း | 〃 | 09-778512920 |
| ၅ | ဒေါ်ငြေ | အဖွဲ့ဝင် | 〃 | 09-780221268 |
| ၆ | ဦးအေးအောင် | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ | 〃 | 09-777667366 |
| ၇ | ဦးတင်မြင့် | အဖွဲ့ဝင် | 〃 | 09-787140524 |
| ၈ | ဒေါ်တာမာအေး | အဖွဲ့ဝင် | 〃 | 09-783757783 |
| ၉ | ဦးဝင်းရွှေ | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ | 〃 | 09-781245288 |
| ၁၀ | ဦးတင်ရွှေ | အဖွဲ့ဝင် | 〃 | 09-781572366 |
| ၁၁ | ဒေါ်သန်းသန်းဝင်း | အဖွဲ့ဝင် | 〃 | 09-762658696 |
| ၁၂ | ဦးစိုးဝင်း | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-790638500 |
| ၁၃ | ဒေါ်အေးသန်း | ဝေဖန်အကြံပြုတိုင်ကြားရေး | 〃 | 09-783760628 |
| ၁၄ | ဦးသိန်းတန် | စေတနာ့ဝန်ထမ်း | 〃 | 09-402536066 |
| ၁၅ | ဒေါ်မြမြိုင် | စေတနာ့ဝန်ထမ်း | 〃 | 09-773322201 |
| ၁၆ | ဦးလှဝင်း | ကျေးရွာစာရင်းကိုင် | 〃 | 09-788455440 |

## ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးဘိုညွန့် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09- 789374202 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦးမြင့်ကြိုင် |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မန္တလေး | ညောင်ဦး | ထီးပု | ကောင်းညို |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ------------ | ၁၈၈ | ဘာသာ (၁) ------------ | ၁၈၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား-၁ , မ-၃ = ၄ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား-၄၈, မ-၆၆ = ၁၁၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၄၉၂ | ၅၇၈ | - ၁၀၇၀ |
| လူမျိုးစု (၁)----------- | | | |
| လူမျိုးစု (၂)----------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၁၅၂ | ၃၆ | - ၁၈၈ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် - ချုံထွန် | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

**(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)**

ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား____________

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည် / မရှိပါ / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/ မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၄-၅-- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--30 ~~[illegible]~~ မိနစ်-- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------30 မိနစ်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ချမ်းမြေ့ဖေတ္တာ

(၂) Plan Myanmar

(၃) ကျေးရွာအကျိုးဆောင်အဖွဲ့

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် - ဦးသိုက်ထွန်း

လက်မှတ် [signature] နေ့စွဲ - 29.9.2017

လူထုစည်းရုံးရေးမှူး

အမည် - ဦးမြင့်ကြိုင်

လက်မှတ် [signature] နေ့စွဲ - 29.9.2017

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ - 2.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - တီးမူ | ကျေးရွာ - ကောင်းညို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 29.9.17 | 29.9.17 | 35 | 74 | 114 | 114 | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 2.10.17 | 2.10.17 | 42 | 83 | 125 | 125 | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 9.10.17 | 9.10.17 | 26 | 12 | 38 | 38 | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 23.11.2017 | 23.11.2017 | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၇.၄။ အစည်းအဝေး စတုတ္ထအကြိမ် | | | | | | |
| ၇.၅။ အစည်းအဝေး ပဉ္စမအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦးမြင့်ကြိုင် | | | |
| နေ့စွဲ - 2.10.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) | ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၃) | ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထီးပု | ကျေးရွာ - ကောင်ညို |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ** | | **အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ** | |
|---|---|---|---|
| ၁ | ကျေးရွာတွင်း/ပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၁ | ကျေးရွာတွင်း/ပြင် လမ်းများ မကောင်းမွန်ခြင်း အခက်အခဲ |
| ၂ | စက်ရေတွင်းမှ ရေမကောင်းသဖြင့် သောက်သုံးရေ ခက်ခဲခြင်း | ၂ | ကျန်းမာရေး ဆေးပေးခန်း၊ ဆရာမ မရှိခြင်း အခက်အခဲ |
| ၃ | ကျေးလက်ဆေးပေးခန်း၊ ဆရာမ မရှိခြင်းကြောင့် ကျန်းမာရေး ခက်ခဲခြင်း | ၃ | စက်ရေတွင်းမှ ရေမကောင်းသဖြင့် သောက်သုံးရေ ခက်ခဲခြင်း |
| ၄ | ပညာရေးနှင့်ပတ်သက်၍ မူလတန်းအဆင့်သာ ရှိခြင်းကြောင့် အခက်အခဲရှိခြင်း | ၄ | ပညာရေးတွင် အလယ်တန်းကျောင်း မရှိခြင်း အခက်အခဲ |
| ၅ | မိုးဖိတ်ပိုင်ရာကျောက် ရေမရရှိခြင်း အခက်အခဲ | ၅ | စာသင်ကျောင်း ခြံစည်းရိုး မလုံခြုံခြင်း အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | | **အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | |
|---|---|---|---|
| ၁ | တစ်ရွာလုံး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် | ၁ | ကျေးရွာတွင်း/ပြင် လမ်းများ ကောင်းမွန်စေချင်သည်။ |
| ၂ | တစ်ရွာလုံး ရေကောင်း၊ ရေသန့် ရရှိရန် | ၂ | မိုးဖိတ်ပိုင်ရာကျောက် ရေပိုက် သွယ်တန်းရန် |
| ၃ | ကျေးလက်ဆေးပေးခန်း၊ ကျန်းမာရေး ဆရာမ ရရှိရန်. | ၃ | ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေး ဆရာမ ရရှိရန် |
| ၄ | ပညာရေးနှင့်ပတ်သက်၍ အလယ်တန်း အဆင့် မြှင့်တင်ရန် | ၄ | အလယ်တန်းကျောင်း၊ အဆင့်မြှင့် မြှင့်တင်နိုင်ရန် |
| ၅ | မိုးဖိတ်ပိုင် ရာကျောက် ရေလေးလ ခံနိုင်ရန် | ၅ | စာသင်ကျောင်း ခြံစည်းရိုး လုံခြုံပြီး ကလေးများ ကောင်းစွာ ပညာသင်ကြားနိုင်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်းခင်းခြင်း | ကျား + မ | ၁၅,၀၀၀,၀၀၀ | ၁၀၇၀ |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | ကျား | ၂၅,၀၀၀,၀၀၀ | ၁၀၇၀ |
| ၃ | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ကျား + မ | ၂၇,၀၀၀,၀၀၀ | ၁၀၇၀ |
| ၄ | ဈေးဘားရေကန်တိုးချဲ့ပြုပြင်ခြင်း | ကျား + မ | ၁၀,၀၀၀,၀၀၀ | ၁၀၇၀ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၂ | စိုက်ပျိုးရေး၊ ချဲ့ထွင်၊ နည်းပညာ | အမျိုးသား + အမျိုးသမီး | |
| ၃ | မွေးမြူရေး ချဲ့ထွင် | အမျိုးသား + အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည်၊ ဒေါ်ရွှေပြိုင် လက်မှတ်၊ [signature] နေ့စွဲ 2.10.2017

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးမြင့်ကြိုင် |

| | | |
|---|---|---|
| နေ့စွဲ - ၅.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - မန္တလေး | မြို့နယ် - ညောင်ဦး | ကျေးရွာအုပ်စု - ထိုင်ပု |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ \|အမည်/အဖွဲ့ | စုစုပေါင်း |
| ကောင်းညို | ကွန်ကရစ်လမ်းခင်းခြင်း | ၇၀၀'x၁၂'x၇" | ၁၀၇၀ (ဦး) | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၄၀၀၀၀၀၀ိ\| | | \| | |
| မြို့ထွား | အင်ဂျင်ဆောက်ဖြင့်မီးလင်းရေး နှင့်မီးကြိုး၊မီးတိုင်သွယ်တန်းခြင်း | (35 hp)(20 kVA) (၃၈)တိုင် (၆၈၄၀') | ၅၀၆ (ဦး) | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၅၀၀၀၀၀၀ိ\| | | \| | |
| ကြို့ပင်သာ | အင်ဂျင်ဆောက်ဖြင့်မီးလင်းရေး နှင့်မီးကြိုး၊မီးတိုင်သွယ်တန်းခြင်း | 35 hp, 20 kVA (၃၇)တိုင် | ၅၈၈ (ဦး) | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၅၀၀၀၀၀၀ိ\| | | \| | |
| ဂျမ်းဖြိုး | အင်ဂျင်ဆောက်ဖြင့်မီးလင်းခြင်း (မီးကြိုး+မီးတိုင် သွယ်တန်းခြင်း) | | ၅၀၉ (ဦး) | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၄၇၀၀၀၀၀ိ\| | | \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ

အမည် ဦးကျော်လွင် ………… လက်မှတ် (signature) ………… ရက်စွဲ ၅.၁၀.၂၀၁၇ …………

# ပထမအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း
## (တတိယနှစ်စက်ဝန်း)

အစည်းအဝေးကျင်းပသည့်နေရာ - ကောင်းသီးကျေးရွာ၊ ထီးပုံအုပ်စု

အစည်းအဝေးကျင်းပသည့်နေ့ရက် - ၂၉.၉.၂၀၁၇

အစည်းအဝေးကျင်းပသည့်အချိန် - (၂:၀၀) နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ - ၁၁၄ (ဦး)

(က) ဆွေးနွေးဆောင်ရွက်ချက်များ

ပထမအကြိမ် အစည်းအဝေးကို အောက်ပါအစီအစဉ်များဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ်(၁) အရ ကျေးရွာရာအိမ်မှူးဦးဘိုညွှန့်မှ အဖွင့်အမှာစကား ပြောကြားရာတွင် လူထုဗဟိုပြုစီမံကိန်းဟာ ယခုဆိုလျှင် တတိယနှစ်စက်ဝန်းကို ရောက်ရှိလာပြီ ဖြစ်ပါကြောင်း ကျေးရွာလူထုနှင့်ကော်မတီဝင်များ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အစည်းအဝေးများ ဖိတ်ခေါ်ပါလျှင်လည်း ပျော်ရွှင်စွာ တက်ရောက်ဖို့ လိုအပ်ပါကြောင်း၊ လူများများ တက်ရောက်မှသာလျှင် အကြံဉာဏ်များစွာ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရွေးချယ်ရာတွင်လည်း များစွာ အထောက်အကူ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အစည်းအဝေးပြီးဆုံးအောင်လည်း ပူးပေါင်းပါဝင် ဆွေးနွေးပေးဖို့လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစီအစဉ်(၂)အရ အစည်းအဝေး ဖြစ်မြောက်ရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်း အကြောင်းပြင့် ရံပုံငွေ ထောက်ပံ့မှု သဘောတရားကို ပြောလည်း

စည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

စီမံကိန်းဆက်စပ်လည်ပတ်ပုံ၊ အကျုံးဝင်၊ မဝင်သောလုပ်ငန်းများအကြောင်း၊ ဟာကာအကျပ်နှင့်ပတ်သက်သည်များ၊ လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးနှင့်ပတ်သက်သည်များ စသည်တို့ကို ဆက်သော ကိန်းပညာရှင် ဒေါ်ဖြိုးစာစာဇော်မှ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဘောင်ရန်တြောင်ရန်များ၊ ကျား၊မ ရေးရာနှင့်ပတ်သက်သည်များ ဝေဖန်အကြံပြု၊ တိုင်ကြားမှုဖြေရှင်းရေးစနစ်များ အကြောင်းတို့ကို လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ရှင်းလင်းပြောကြားခဲ့ပါသည်။

ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း အစီအစဉ် မစတင်မီ ၎င်းတို့၏တာဝန်ဝတ္တရားများကို ဦးမြင့်ကြိုင်မှ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရာတွင် ယခင်ဖြစ်စဉ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးသိန်းတန်နှင့် ဒေါ်မြမြိုင်တို့ကိုပဲ အများသဘောတူ ဆက်လက်ရွေးချယ်ခဲ့ကြသည်။ ဦးသိန်းတန်နှင့် ဒေါ်မြမြိုင်တို့မှလည်း ၎င်းတာဝန်များကို ထမ်းဆောင်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသည်။

ဆက်လက်၍ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များဖြစ်သည့် လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း၊ ဥစ္စာဓန ပိုင်ဆိုင်မှုသတ်မှတ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုပြက္ခဒိန်ရေးဆွဲခြင်း၊ အဖွဲ့အစည်း၊ အချက်အလက်ဆက်နွယ်ပုံ ဇယားချပ်ပြုလုပ်ခြင်းများ၊ ပိုင်ဆိုင်မှုခွဲခြမ်းစိတ်ဖြာခြင်း၊ ပင့်ကူအိမ်ပုံစံ သုံးသပ်ဆွေးနွေးခြင်း၊ စသည်တို့ကို ယခင်နှစ်တွင် ပြုလုပ်ဆွေးနွေးခဲ့သည့် သည်များကို အခြေခံ၍ ယခုနှစ်အတွက် ပြန်လည်ဖြည့်စွက်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

(ဂ) အစည်းအဝေး ဆုံးဖြတ်ချက်

၁။ ဦးသိန်းဇော်နှင့် ဒေါ်ပြုံးမြင့်တို့၏ ကျေးရွာ စေတနာ့ဝန်ထမ်းများအဖြစ် အများသဘောတူ ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

၂။ ဒုတိယအကြိမ် အစည်းအဝေးကို (၂.၁၀.၂၀၁၇) နေ့တွင် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးကို (၅း၁၅) နာရီ ညနေ အချိန်တွင် ရုတ်သိမ်းခဲ့ကြသည်။

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်
လူထုစည်းရုံးရေးမှူး
(ဧ.ဒ.ဝ ကျောက်ကြီး)
29.9.2017

# ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း

## (တတိယနှစ်စက်ဝန်း)

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ကောင်းညိုကျေးရွာ၊ ထီးပုဒ်ပုရ

အစည်းအဝေးကျင်းပသည့်ရက်စွဲ ။ ။ ၂.၁၀.၂၀၁၇

အစည်းအဝေးကျင်းပသည့်အချိန် ။ ။ (၁း၂၀) နာရီ

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ (၃၂၅) ဦး

(က) ဆွေးနွေးဆောင်ရွက်ချက်များ

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို အောက်ပါအစီအစဉ်များဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ်အရ ပထမအစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များကို အကျဉ်းချုပ်ပြန်လည်ဆွေးနွေးခြင်းကို လူထုစည်းရုံးရေးမှူး ဦးမြင့်ကြိုင်မှ ဦးဆောင်၍ ကျေးရွာလူထုနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကောင်းညိုကျေးရွာ၏ အမျိုးသား၊ အမျိုးသမီး အခက်အခဲများ၊ မျှော်မှန်းချက်များကို အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ (၂)ဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့၏ အခက်အခဲများကို အခြေခံ၍ ပြဿနာသစ်ပင်ရေးဆွဲကြပြီး ကောင်းညိုကျေးရွာ၏ ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ခဲ့ကြသည်။

ကောင်းညိုကျေးရွာ၏ ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဦးစားပေး (၁) ကွန်ကရစ်လမ်းခင်းခြင်း

(၂) စက်ရေတွင်းတူးဖော်ခြင်း

(၃) ကျောင်းဆောင်တည်ဆောက်ခြင်း

(၄) မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်း

ဆက်လက်၍ ကောင်းညိုကျေးရွာ စီ/ဆောက် ကော်မတီဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဖွဲ့စည်းမှု ကော်မတီဝင် အသီးသီး၏ တာဝန်ဝတ္တရားများကိုလည်း ဆွေး

ရွေးခဲ့သည်။ ကျေးရွာစီ/တောက် ကော်မတီဖွဲ့စည်းရာတွင် ကျေးရွာစီ/တောက် ခေါင်းဆောင်များအဖြစ် ယခင်ဖြစ်စဉ်က တာဝန်ယူထမ်းဆောင်ခဲ့သော ဦးတင်အေးနှင့် ဒေါ်ငွေငွေမြိုင် တို့ကိုပဲ ဆက်လက်ရွေးချယ်ခဲ့ကြသည်။

ဝယ်ယူရေးဆပ်ကော်မတီတွင် ယခင်ဖြစ်စဉ်ကတာဝန်ထမ်းဆောင်ခဲ့သော ဦးသိန်းတင့်နှင့် ဦးသန်းဝင်းတို့မှာ အကြောင်းအမျိုးမျိုးကြောင့် ထမ်းဆောင်နိုင်ခြင်းမရှိတော့သည့်အတွက် ဦးသိန်းတင့်၏နေရာတွင် ဦးစိုးသန်းကိုလည်းကောင်း၊ ဦးသန်းဝင်း၏နေရာတွင် ဦးထွန်းမြင့်ကိုလည်းကောင်း အသီးသီးအစားထိုးရွေးချယ်ခဲ့ကြသည်။ ဒေါ်ငွေးမှ ဆက်လက်ထမ်းဆောင်နိုင်သဖြင့်ထပ်မံရွေးချယ်ခဲ့သည်။ ဝယ်ယူရေးခေါင်းဆောင်အဖြစ် ဦးစိုးသန်းကို ထမ်းဆောင်စေခဲ့သည်။

စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအတွက် ပြင်ဆင်ပြောင်းလဲခြင်းမပြုလုပ်တော့ပဲ ယခင်ဖြစ်စဉ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဦးအေးအောင်၊ ဦးတင်မြင့်နှင့် ဒေါ်မာမာအေး တို့ကိုပဲဆက်လက်ရွေးချယ်ခဲ့ကြသည်။

လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီတွင် ယခင်ဖြစ်စဉ်တွင်တာဝန်ထမ်းဆောင်ခဲ့သော ဦးသန်းမြိုင်၊ ဒေါ်ဂျမာကြည်နှင့် ဒေါ်ကြည်ကြည်နွဲ့တို့မှာ ကျေးရွာတွင်အမြဲတမ်းမရှိခြင်း၊ မိမိတို့၏ အလုပ်အကိုင်အမျိုးမျိုးကြောင့် လုပ်ဆောင်နိုင်ခြင်းမရှိတော့ခြင်း စသည်တို့ကြောင့် ဦးသန်းမြိုင်၏နေရာတွင် ဦးဝင်းရွှေကိုလည်းကောင်း၊ ဒေါ်ဂျမာကြည်၏နေရာတွင် ဦးတင်ရွှေကိုလည်းကောင်း၊ ဒေါ်ကြည်ကြည်နွဲ့၏နေရာတွင် ဒေါ်သန်းသန်းဝင်းကိုလည်း အသီးသီးအစားထိုး၍ အများသဘောတူရွေးချယ်ခဲ့ကြသည်။

ဝေဖန်အကြံပြု/တိုင်ကြားချက်ဖြေရှင်းရေးကိုယ်စားလှယ်များအဖြစ် ယခင်ဖြစ်စဉ်က တာဝန်ထမ်းဆောင်ခဲ့သော ဦးစိုးဝင်းနှင့် ဒေါ်အေးသန်းတို့ကိုပဲဆက်လက်ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ကျေးရွာငွေစာရင်းကိုင် ဦးအောင်ဇော်ဝင်းမှာ ၎င်းတာဝန်ကိုဆက်လက်မထမ်းဆောင်နိုင်တော့ခြင်း၊ ကျေးရွာတွင် အမြဲတမ်းမနေနိုင်ပဲ ကာလရှည် ခရီးထွက်နေရခြင်း စသည်တို့ကြောင့် ဦးအောင်ဇော်ဝင်း အစား ဦးလှဝင်းကို အများသဘောတူရွေးချယ်တင်မြှောက်

ခဲ့ကြသည်။ ဦးရဲဝင်းမှလည်း ကျေးရွာဒေသခံရင်းကိုင်ကာ ဝန်ကို ထမ်းဆောင်နိုင်ပါကြောင်း
သဘောတူညီခဲ့သည်။ ကော်မတီဝင် အသီးသီးမှလည်း မိမိတို့တာဝန်အသီးသီးကို ထမ်းဆော
င်နိုင်ပါကြောင်း သဘောတူညီခဲ့ကြသည်။

(ခ) အစည်းအဝေးဆုံးဖြတ်ချက်

(၁) ကောင်းညီကျေးရွာမှ ဦးစားပေးလုပ်ငန်းခွဲ အစီအစဉ်များကို အောက်ပါပုံ
အတိုင်း ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

| ဦးစားပေး | စီမံကိန်းလုပ်ငန်းခွဲအမည် | အဆိုပြုသူ |
|---|---|---|
| ၁ | ကွန်ကရစ်လမ်းခင်းခြင်း | ကျား + မ |
| ၂ | စက်ရေတွင်းတူးဖော်ခြင်း | ကျား |
| ၃ | ကျောင်းဆောင်သစ်ဆောက်ခြင်း | ကျား + မ |
| ၄ | မြောင်းရေကန်ဆိုးချဲ့တူးဖော်ခြင်း | ကျား + မ |

(၂) ကောင်းညီကျေးရွာမှ ကျေးရွာစီ/တောက်ကော်မတီကို အောက်ပါပုဂ္ဂို
များဖြင့် ဖွဲ့စည်း၍ ရွေးချယ်ဆုံးဖြတ်ခဲ့ကြသည်။

ကျေးရွာစီ/တောက်ခေါင်းဆောင် - (၁) ဦးတင်အေး
(၂) ဒေါ်ဌေးဌေးမြိုင်

ဝယ်ယူရေးဆပ်ကော်မတီ - (၁) ဦးစိုးသန်း (ခေါင်းဆောင်)
- (၂) ဦးထွန်းမြင့် (အဖွဲ့ဝင်)
(၃) ဒေါ်ဌေး (အဖွဲ့ဝင်)

စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ - (၁) ဦးအေးအောင် (ခေါင်းဆောင်)
(၂) ဦးတင်မြင့် (အဖွဲ့ဝင်)
(၃) ဒေါ်မာမာအေး (အဖွဲ့ဝင်)

လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးအုပ်ကော်မတီ - (၁) ဦးဝင်းရွှေ (ခေါင်းဆောင်)

(၂) ဦးတင်ရွှေ (အဖွဲ့ဝင်)

(၃) ဒေါ်သန်းသန်းဝင်း (အဖွဲ့ဝင်)

ဝေဖန်အကြံပြုကိုယ်စားလှယ် - (၁) ဦးစိုးဝင်း

(၂) ဒေါ်အေးသန်း

ကျေးရွာငွေစာရင်းကိုင် - (၁) ဦးရဲဝင်း

စေတနာ့ဝန်ထမ်း - (၁) ဦးသိန်းတန်

(၂) ဒေါ်လှမြိုင်

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို (၄:၀၀) နာရီတွင်ရုပ်သိမ်းခဲ့ကြသည်။

မှတ်တမ်းတင်သူ - ဦးမြင့်ကြိုင်

ပူးတွဲစည်းရုံးရေးမှူး

၉.ဝ.ဝ ညောင်ကြီး

ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ကွန်ကရစ်လမ်း ခင်းခြင်း | ကျား+မ | 10/2017 | ကျေးရွာလူထု | |
| | ၂ | စက်ရေတွင်း တူး ဖော်ခြင်း | ကျား | 〃 | 〃 | |
| | ၃ | မြေသားရေကန်တိုး ချဲ့ပြုပြင်ခြင်း | ကျား+မ | 〃 | 〃 | |
| | ၄ | | | | | |
| | ၅ | | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စက်ချုပ်သင်တန်း | မ | 10/2017 | ကျေးရွာလူထု | |
| | ၂ | စိုက်ပျိုးရေး ချေးငွေ / နည်းပညာ | ကျား+မ | 〃 | 〃 | |
| | ၃ | မွေးမြူရေး ချေးငွေ | 〃 | 〃 | 〃 | |
| | ၄ | | | | | |
| | ၅ | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| ပညာရေး | ၁ | စာသင်ကျောင်း တည်ဆောက်ခြင်း | ကျား+မ | 10/2017 | ကျေးရွာလူထု | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| အခြား | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |